# မြန်မာနိုင်ငံ
# လွတ်လပ်မှုနှင့် ဒီမိုကရေစီ မြှင့်တင်ရေးအစီရင်ခံစာ – ၂၀၀၈

ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာ ဗျူရိုမှ ထုတ်ပြန်သည်။

မေလ ၂၃၊ ၂၀၀၈။

**အပိုင်း (၁)**

မြန်မာနိုင်ငံအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အက်စ်ပီဒီစီ) အမည်ရှိ အလွန်အာဏာရှင်ဆန်သည့် စစ်အစိုးရ က အုပ်ချုပ်နေသည်။ ၄င်းတို့အာဏာမြဲရေးအတွက် ကျယ်ပြန့်ထိရောက်သော လုံခြုံရေးယန္တရားကို အသုံးပြုကာ အကြောက်တရား၊ ဖိနှိပ်မှု၊ တည်းဖြတ်ကန့်သတ်မှုနှင့် အကြမ်းဖက်မှုတို့ကို စွဲကိုင်ထားသည်။ ယင်းအစိုးရ၏ လူ့အခွင့်အရေးဆိုင်ရာ မှတ်တမ်းသည် ဆက်လက် ယိုယွင်းနေဆဲဖြစ်သည်။ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ တိုင်းရင်းသားမျိုးနွယ်စုနှင့် လူနည်းစု ဘာသာဝင်များသည် အဆိုးဆုံး ဖိနှိပ်ခံနေရသည်။ မြန်မာနိုင်ငံသားအားလုံးသည်လည်း ထိုစစ်အစိုးရအောက်၌ ကျယ်ပြန့်ထိရောက်စွာ စောင့်ကြည့်ထောက်လှမ်းမှု၊ အဂတိလိုက်စားမှု၊ အာဏာအလွဲ သုံးစားလုပ်မှုတို့ကို ခံစားနေကြရသည်။ ၂၀၀၇ ခုနှစ် စက်တင်ဘာအတွင်း ဒီမိုကရေစီရေး ဆန္ဒထုတ်ဖော်ပြသမှုကို ဖိနှိပ်ရာတွင် အစိုးရလုံခြုံရေးတပ်ဖွဲ့ဝင်များက ဆန္ဒပြသူ အနည်းဆုံး ၃၀ ကို သတ်ဖြတ်ခဲ့ကြသည်။ ယင်းဆန္ဒပြမှုနှင့် ဆက်နွယ်၍ ထိန်းသိမ်းခံရသူပေါင်း ၃၀၀၀ ခန့်အနက် အချို့သည် ထိန်းသိမ်းခံနေရစဉ် သေဆုံးခဲ့ရသည်။

ယင်းဆန္ဒပြမှုမတိုင်မီကပင် နိုင်ငံရေးအကျဉ်းသား ခန့်မှန်းခြေ ၁၁၅၀ ဦးမျှကိုလည်း ထိန်းသိမ်းထားခဲ့ပြီး ဖြစ်သည်။ အမျိုးသားရေးဒီမိုကရေစီ အဖွဲ့ချုပ် (အင်န်အယ်ဒီ) အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်လည်း အပါအဝင်ဖြစ်၍ ယခုတိုင် ထိန်းသိမ်းခံနေရဆဲ ဖြစ်သည်။

၂၀၀၇ ခုနှစ် စက်တင်ဘာအတွင်းမှာပင် စစ်အစိုးရသည် ၁၄ နှစ်ကြာမျှ ကျင်းပလာခဲ့သော အမျိုးသားညီလာခံကို နိဂုံးချုပ်လိုက်ပြီးနောက် မကြာမီမှာပင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းရေးဆွဲရေး ကော်မတီတစ်ရပ်ကို စိတ်ကြိုက်ရွေးချယ်ထားသည့် ကိုယ်စားလှယ် ၅၄ ဦးဖြင့် ဖွဲ့စည်းကာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းကို ပြုစုစေခဲ့သည်။

မေတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းအပေါ် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပမည်ဟု ဖေဖော်ဝါရီအတွင်း၌ စစ်အစိုးရက ကြေညာခဲ့သည်။ စစ်တပ်သည် တိုင်းရင်းသားလူနည်းစု ရွာများကို ဆက်လက်တိုက်ခိုက်နေပြီး မုဒိမ်းပြုကျင့်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ မြေမြှုပ်မိုင်းတို့ကို လက်နက် သဖွယ် အသုံးချလျက် တိုင်းရင်းသားလူနည်းစုတို့ကို ယင်းတို့၏ ဘိုးဘွားပိုင်မြေများမှ မောင်းထုတ်နေသည်။

**အပိုင်း (၂)**

လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရရှိရေး ပံ့ပိုးမှုသည် အမေရိကန်ပြည်ထောင်စု၏ ထိပ်ဆုံးဦးစားပေးအဖြစ်ရှိနေဆဲဖြစ်သည်။ ကွဲပြားခြားနားသော လူမျိုးအသီးသီး၏ ရပိုင်ခွင့်ကို အပြည့်အဝလေးစားသည့်၊ ဒီမိုကရေစီနည်းကျ အစိုးရတစ်ဖွဲ့သို့ ကူးပြောင်းရေးအတွက် လမ်းခင်းပေးမည့် အချိန်ဇယားလည်းရှိ၊ အဓိပ္ပာယ်လည်းပြည့်ဝသည့် တွေ့ဆုံဆွေးနွေးရေးကို ဒီမိုကရေစီအဖွဲ့သားများ၊ တိုင်းရင်းသားလူနည်းစု အဖွဲ့များနှင့် ပြုလုပ်ရန် အမေရိကန်ပြည်ထောင်စုက စစ်အစိုးရအား ဆက်လက်ဖိအားပေးနေသည်။ အမေရိကန်ပြည်ထောင်စုအစိုးရ၏ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ ပန်းတိုင်များ၌ အကျုံးဝင်သော အချက်များမှာ နိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်အား ခြွင်းချက်မရှိ ချက်ချင်းလွှတ်ပေးရန် အပါအဝင် အခြားနိုင်ငံရေးအကျဉ်းသား ၂၀၀၀ ကျော်အား ချက်ချင်းလွှတ်ပေးရန်၊ တိုင်းရင်းသားလူနည်းစုတို့အပေါ် စစ်ဆင်နေမှုကို ချက်ချင်းရပ်ပစ်ရန်၊ လူသား ချင်းစာနာမှုအဖွဲ့အစည်းများအား အဟန့်အတားမရှိ တစ်နိုင်ငံလုံးသို့ သွားရောက်ခွင့်ပြုရန်နှင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲတစ်ရပ် အတွက် နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ညီညွတ်သည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေဆိုင်ရာ ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပပေးရန်တို့ ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း အပြောင်းအလဲဖြစ်ထွန်းစေရေးအတွက် အမေရိကန်ပြည်ထောင်စုသည် တက်ကြွထက်သန်စွာနှင့် ဘက်ပေါင်းစုံမှနေ၍ ဖိအားပေးနေသည်။ ယင်းသို့သော အားထုတ်မှုများ၌ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ အီဘရာဟင် ဂမ်ဘာရီနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်တို့၏ လုပ်ငန်းစဉ်တို့အား ပံ့ပိုးထောက်ခံမှု ပါဝင်သည်။ အမေရိကန်ပြည်ထောင်စု၏ အခိုင်အမာထောက်ခံမှုကြောင့် ၂၀၀၇ ခုနှစ် အောက်တိုဘာအတွင်း၌ ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် ကန့်ကွက်သူမရှိ ကောင်စီဥက္ကဋ္ဌ လက်မှတ်ရေးထိုးထားသော ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်က ဆန္ဒပြသူများအား အကြမ်းဖက်ဖြိုခွဲခြင်းကို ရှုတ်ချထားပြီး နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးရန်၊ ဒီမိုကရေစီလှုပ်ရှားမှုခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန် ဆော်ဩထားသည်။

**အပိုင်း (၃)**

အမေရိကန်ပြည်ထောင်စုသည် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ ပညာပေးပို့ချသူများ၊ ကျွမ်းကျင်သူပုဂ္ဂိုလ်များနှင့် တက္ကသိုလ်ကျောင်းသူကျောင်းသားများအကြား ထိတွေ့ဆက်ဆံရေးနှင့် အသိပညာလွတ်လပ်စွာ ဆည်းပူးရေးအတွက် နေရာဖန်တီးပေးထားသည်။ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အခြားဆက်နွယ်နေသော ကိစ္စရပ်များအား ဆွေးနွေးဖလှယ်နိုင်စေရန် အသိပညာဖလှယ်ခြင်းနှင့် ဟောပြောပို့ချခြင်း အစီအစဉ်များကို စီစဉ်ပေးထားသည်။

ဒီမိုကရက်တစ်မြန်မာနိုင်ငံ ပေါ်ထွန်းရေးသို့ဦးတည်သောလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဘုံသဘောတူညီချက်ရရှိစေရန် အမေရိကန်ပြည်ထောင်စုသည် ဒီမိုကရေစီဘက်တော်သားများ၊ တိုင်းရင်းသားလူမျိုးစုများနှင့် နီးနီးကပ်ကပ် ဆောင်ရွက်လျက်ရှိသည်။ အမေရိကန်ပြည်ထောင်စုသည် ရန်ကုန်မြို့၌ စာကြည့်တိုက်တစ်ခုကို ဖွင့်လှစ်ထားရာ အသင်းသား ၂၃၀၀၀ ကျော်မျှ ရှိသည်။ မြန်မာနိုင်ငံသားများအား တည်းဖြတ်မှုကင်းသော သတင်းများ၊ ယဉ်ကျေးမှု၊ နိုင်ငံရေး၊ နိုင်ငံတကာဆက်ဆံရေး၊ သတင်းစာပညာနှင့် စိတ်ပညာအပါအဝင် ဘာသာရပ်မျိုးစုံ ကျယ်ပြန့်စွာ ပါဝင်သော စာအုပ်စာတမ်းများနှင့် အင်တာနက်အသုံးပြုမှုတို့ကို ရရှိခံစားနိုင်အောင် ကူညီပေးထားသည်။

ထို့ပြင် အမေရိကန်ပြည်ထောင်စုသည် နိုင်ငံတစ်ဝန်း ဆရာ၊ ဆရာမနှင့် စာကြည့်တိုက်မှူးသင်တန်းများကို ပံ့ပိုးပေးနေသည်။ နိုင်ငံအနှံ့ရှိ စာကြည့်တိုက် ၈၀ သို့ ပုဂ္ဂလိကအလှူရှင်များက စာအုပ်ပေါင်း ၁၈၀၀၀ ကျော် လှူဒါန်းသည့် အစီအစဉ်ကိုလည်း မကြာသေးမီက လုပ်ဆောင်ပေးနိုင်ခဲ့သည်။

နိုင်ငံရေးအသွင်ကူးပြောင်းမှုကာလအတွင်း နိုင်ငံသားများအား ခေါင်းဆောင်မှုကဏ္ဍအတွက် အဆင်သင့်ဖြစ်စေရန် ပြည်တွင်းနှင့်ပြည်ပရောက်အစုအဖွဲ့တို့အတွက် သတင်းစာပညာသင်တန်း၊ လူ့ဘောင်ဖွံ့ဖြိုးရေးနှင့် ပညာတော်သင် အစီအစဉ်များကို အမေရိကန်ပြည်ထောင်စုက ပံ့ပိုးပေးနေသည်။ အမေရိကန်စင်တာ၌ ကျောင်းသူကျောင်းသား ၁၃၀၀ ကျော်သည် ဘာသာစကား ကျွမ်းကျင်မှုတိုးတက်ရေးအတွက် မျက်မှောက်ရေးရာများ၊ ပြည်သူ့နီတိနှင့် စံပြအုပ်ချုပ်ရေး စသည်တို့အပါအဝင် ကဏ္ဍစုံကို အခြေခံထားသော အင်္ဂလိပ်ဘာသာ သင်တန်းများကို တက်ရောက် ဆည်းပူးနေကြသည်။

ဒီမိုကရေစီကျင့်စဉ်များ ကျင့်သုံးရာတွင် အသိပညာမြင့်မားစေရေးအလို့ငှာ အမေရိကန်နိုင်ငံ ပြိုင်ပွဲဝင်သမ္မတလောင်းများ၏ စကားရည်လုပွဲများနှင့် ပဏာမရွေးကောက်ပွဲများအကြောင်းကို ကြည့်ရှုလေ့လာခွင့် ရစေရန် အမေရိကန်ပြည်ထောင်စုက စီစဉ်ပေးခဲ့သည်။ လွတ်လပ်၍ တရားမျှတသော ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲ အခြေခံသဘောတရားများနှင့် လုပ်ငန်းစဉ်များအကြောင်း ဆွေးနွေးဖလှယ်နိုင်စွမ်း ရှိရေးအတွက် ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသည် ဖူးလ်ဘရိုက်ပညာတော်သင်ဆုများ၊ ဟမ်းဖရေးပညာရည်ချွန်ဆုများ၊ နိုင်ငံတကာဧည့် အလည်အပတ်ခရီးစဉ်များနှင့် အခြားပညာရေးဖလှယ်မှု အစီအစဉ်များအားဖြင့် နိုင်ငံ၏ အနာဂတ်ခေါင်းဆောင်များအတွက် ရေခံမြေခံကောင်း ဖန်တီးပေးပြီး သူတို့၏ ဒီမိုကရေစီတန်ဖိုးများအပေါ် နားလည်မှုကိုလည်း အားဖြည့်ပေးခဲ့သည်။

**အပိုင်း (၄)**

စစ်အစိုးရက အဓမ္မခိုင်းစေခြင်းကို ရပ်ဆိုင်းစေရန်နှင့် အလုပ်သမားများ၏ ရပိုင်ခွင့်များကို လေးစားလာစေရန် အမေရိကန်ပြည် ထောင်စုသည် ဆက်လက်ဖိအားပေးနေသည်။ အမေရိကန်ပြည်ထောင်စုသည် ရန်ကုန်အခြေစိုက် နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်း (အိုင်အယ်လ် အို) ၏ ဆက်ဆံရေးအရာရှိရုံးအား တက်ကြွစွာ ထောက်ခံမှုပေးနေသည်။ ဤရုံးသည် ကလေးစစ်သားစုဆောင်းခြင်း ရပ်တန့်ရေး၊ အဓမ္မခိုင်းစေမှု ရပ်တန့်ရေးစသော ကတိကဝတ်များကို စစ်အစိုးရက လိုက်နာလာစေရန် ဆောင်ရွက်နေသည်။ ၂၀၀၇ ခုနှစ် နိုဝင်ဘာက အိုင်အယ်လ်အို ဦးဆောင်သော ဘုတ်အဖွဲ့အစည်းအဝေးတွင် အဓမ္မစေခိုင်းမှုဆိုင်ရာ တိုင်ကြားစာများကို ကိုင်တွယ်ဆောင်ရွက်ရာ၌ ထိရောက်သော ယန္တရားဖော်ဆောင်ရာတွင် စစ်အစိုးရ၏ တိုးတက်မှုကင်းမဲ့နေခြင်းအား အရေးယူမည့်ရှေ့လုပ်ငန်းစဉ်ကိစ္စအပေါ် အမေရိကန် ပြည်ထောင်စုက ထောက်ခံခဲ့သည်။

အရေးကြီးပြဿနာဖြစ်သော လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းအတွက် ဒေသခံ လူကုန်ကူးမှု ဆန့်ကျင်ရေး အင်ဂျီအိုအစီအစဉ်များအား အမေရိကန်ပြည်ထောင်စုက ရန်ပုံငွေပံ့ပိုးပေးသည်။ စစ်အစိုးရသည် ကုလသမဂ္ဂအေဂျင်စီများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်အပြင် လူကုန်ကူးမှုဆန့်ကျင်ရေး ဥပဒေအား အကောင်အထည်ဖော်ရေး၌ တိုးတက်မှု ရှိလာစေရန် အမေရိကန်ပြည်ထောင်စုက ဖိအားပေးနေသည်။

မြန်မာနိုင်ငံထဲတွင် အမေရိကန်ပြည်ထောင်စုက ပံ့ပိုးသော ရန်ပုံငွေ သို့မဟုတ် လူသားချင်းစာနာမှုနှင့် ဒီမိုကရေစီနှီးနွယ်အထောက်အပံ့တို့သည် စစ်အစိုးရကို ကိုယ်ကျိုးစီးပွား ဖြစ်ထွန်းစေခြင်းမရှိပါ။